မြင်းခြံမြို့နယ်

ကန်နီကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၇-၂၀၁၈)

ဧယား(၄၈)မျိုး

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကန်နီကျေးရွာ၊ မြင်းခြံမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ မေလ

မာတိကာ

မာတိကာ

ကန်နီကျေးရွာ အရင်းအမြစ်မြေပုံ၊မြင်းခြံမြို့နယ်

အပိုင်းက(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁။ (က) ရည်ရွယ်ချက် ၁

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု ၁

(ဂ) စီမံကိန်း၏ လျှမ်းခြုံသက်ရောက်မှု ၁

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင် ၂

(ခ) သဘာဝအရင်းအမြစ်များ ၂

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၂

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု ၃

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု ၃

(ဃ) ကျန်းမာရေးနှင့်အာဟာရ ၃

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၄

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၄

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ၄

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ ၄-၅

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၅

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု ၅-၆

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

(စ) ပညာရေး၊ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၆

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၇

(ဇ) အခြေခံမအဆောက်အဦး၊လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်
ဆက်သွယ်ရေး ၇

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၇-၈

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်
အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ ၈

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၈-၉

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင် ၉

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၉-၁၀

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ်ကျသောချိတ်ဆက်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း ၁၀

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး ၁၀

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ ၁၁

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ
အထောက်အပံ့ ၁၁

၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

(က) နှစ်ပတ်လည်ဖွဲ့ဖြိုးမှုအစီအစဉ် ၁၁

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စု ခွဲခြားခြင်း ၁၁

(ဂ) ဦးစားပေးစီမံချက်များ ၁၂

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၃

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၃-၁၄

၁၀။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မည့်နည်းလမ်းများ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၁၄

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း ၁၄

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၁၄

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ ၁၅

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၅

(က) ကြီးကြပ်စစ်ဆေးခြင်း ၁၅

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ ၁၆

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

ဇယား(၁) ကန်နီကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၁၆

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၁၇-၂၀

ဇယား(၃) ကန်နီကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၀-၂၁

ဇယား(၄) ဥစ္စာဓနအဆင့်အခြေအနေ ၂၂

ဇယား(၆)	ကန်နီကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ	၂၂
ဇယား(၇)	ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု	၂၃-၂၆
ဇယား(၁၀)	ကျေးရွာအတွင်းရှိ လူထုအဖွဲ့အစည်းများ	၂၆-၂၇
ဇယား(၁၁)	ကျေးရွာဖွံ့ဖြိုးရေး ပြင်ပအဖွဲ့အစည်းများအခြေအနေ	၂၇
ဇယား(၁၂)		၂၈
ဇယား(၁၃)	ကန်နီကျေးရွာ၏ ရေအရင်းမြစ်နှင့်ရေသွင်းဧရိယာ	၂၈
ဇယား(၁၄)	ကန်နီကျေးရွာ၏ အဓိကသီးနှံများနှင့်အထွက်နှုန်း	၂၉
ဇယား(၁၅)	စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု	၂၉
ဇယား(၁၆)	သီးနှံအထွက်တိုးနှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ	၃၀
ဇယား(၁၇)	သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ	၃၁
ဇယား(၁၈)	မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ(အိမ်ထောင်စု)	၃၂
ဇယား(၁၉)	ကန်နီကျေးရွာ၏မွေးမြူရေးကဏ္ဍတိုးတက်စေရန်အတွက် အခွင့်အလမ်းများ	၃၃
ဇယား(၂၀)	မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ	၃၄
ဇယား(၂၁)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ	၃၅-၃၆
ဇယား(၂၂)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ	၃၆-၃၇
ဇယား(၂၃)	ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ	၃၇
ဇယား(၂၄)	ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း	၃၇-၃၈
ဇယား(၂၅)	သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်စီမံခန့်ခွဲမှုများ	၃၈-၃၉

ဇယား(၂၆)	သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ	၃၉
ဇယား(၂၇)	မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးနှုန်း	၃၉-၄၀
ဇယား(၂၈)	ကျောင်းအပ်နှုန်း	၄၀
ဇယား(၂၉)	စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ	၄၀-၄၁
ဇယား(၃၀)	ပညာရေးအခက်အခဲနှင့်ပြဿနာများ	၄၁-၄၂
ဇယား(၃၁)	ကျေးရွာတွင်အဖြစ်များသောရောဂါများ	၄၂
ဇယား(၃၂)	ကျေးရွာ၏ကျန်းမာရေးအထောက်အပံ့များ	၄၃
ဇယား(၃၃)	ကျေးရွာသောက်သုံးရေရရှိမှု	၄၃-၄၄
ဇယား(၃၄)	အိမ်သာအမျိုးအစား	၄၄
ဇယား(၃၅)	ကျေးရွာ၏လမ်းတံတားအခြေအနေ	၄၄-၄၅
ဇယား(၃၆)	ရေကြောင်းသယ်ယူပို့ဆောင်ရေး	၄၅
ဇယား(၃၇)	ကျေးရွာ၏သယ်ယူပို့ဆောင်ရေးယာဉ်များ	၄၅
ဇယား(၃၈)	ကျေးရွာ၏လျှပ်စစ်မီးရရှိမှုအခြေအနေ	၄၅-၄၆
ဇယား(၃၉)	ကျေးရွာ၏ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ	၄၆
ဇယား(၄၀)	ကျေးရွာ၏ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ	၄၆-၄၇
ဇယား(၄၁)	ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများလက်လှမ်းမီမှု	၄၇-၄၈
ဇယား(၄၂)	ကျေးရွာမှုခင်းဖြစ်ပွားမှုအခြေအနေ	၄၈
ဇယား(၄၃)	ကျေးရွာဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ	၄၈၄၉
ဇယား(၄၄)	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ	၄၉-၅၀


ကန်နီကျေးရွာ သယံဇာတပြ မြေပုံ
သုသာန်
ကားလမ်း
ဘုန်းကြီးကျောင်း
ဘုန်းကြီးကျောင်း
စေတီ
ရေကန်
အိမ်
စိုက်ခင်းများ

ပြောင်းပြောင်းလဲလဲနေသော ဈေးနှုန်းကွာခြားမှု - ဈေးနှုန်းကျဆင်းမှု ကြီးမားစွာဖြင့် ပြဿနာဖြစ်နိုင်

အမှတ်စဉ်	အကြောင်းအရာ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	တနင်္ဂနွေ	ရာသီဥတု	အသုံးပြုသည့် ပစ္စည်းများ	ဈေးနှုန်းအခြေအနေ	ဆုံးရှုံးမှု	ဖြေရှင်းနည်း
၁	ရာသီဥတု												
၂	အလုပ်အကိုင်အမျိုးအစား	နွေကြက်သွန်နီ	ကြက်သွန်ဖြူ	ဆီးနှင်း	ဆီးနှင်း	ပူပြင်းသော နေရောင်	မိုးသည်းထန်သော နေ့	မိုးသည်းထန်သော နေ့		cp ဆီးနှင်း ကြက်သွန်နီ	cp မောင်း ကြက်သွန်ဖြူ	ကြက်သွန်ဖြူ ကြက်သွန်နီ	ကြွေ cp ဆီးနှင်း
၃	ကျွန်းမာရေး												
	လူ			အဟတ်ပါ			ခြေးနှာခေါင်း ကြွေး	ခြေးနှာခေါင်း ကြွေး		အဆေးမိ	အဆေးမိ		
	တိရိစ္ဆာန်		လောကဲနာ										ခြွင်းချန်ခံရသော
	သီးနှံ									အောက်တာ	ရွက်ဖယ်မှိုး	အိုကောဒါ	
	ဝင်ငွေဆုံးရှုံးမှု ဝင်ငွေ	$$	$$	$	$$	$$	$$	$$	$$$	$$$$	$$$	$$$	$$
	ထွက်ငွေ			$	$$	$	$	$$	$	$$$$	$$	$$	
	ပို့ဆောင်သယ်ယူရေး				ဂါဆိုင်းသက်ဒ်ကာ				ကာဆိုင်းသက်ဒ်ကာ	အမြန်ဆောက်ပို့			
	ရေဆုံးရှုံးမှု သောက်သုံးရေ												
	ခြွင်းချန်ခံရသော												

အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

ရည်ရွယ်ချက်

၁။ (က)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ပြည်သူများ ကိုယ်တိုင်စီမံချက်ရေးဆွဲ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် CDD စီမံကိန်းနှင့် VDP စီမံကိန်းဆောင်ရွက်လျက်ရှိသည့် မြို့နယ်များမှအပ ကျန်မြို့နယ်များတွင် (၁)မြို့နယ်လျှင် ကျေးရွာ (၁)ရွာရွေးချယ်၍ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါသည်။

ဤအစီအစဉ်အရ မြင်းခြံမြို့နယ်အတွင်း ကျေးရွာပေါင်း (၁၈၄)ရွာရှိသည့်အနက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာရွေးချယ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် ကန်နီကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ရန် ရွေးချယ်ခဲ့ပါသည်။

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ကို ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ အချက်အလက်များရယူ၍ ကျေးရွာဖွံ့ဖြိုးရေးကို လိုအပ်သည့် လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းအရင်းများ၊ ဖြေရှင်း ဆောင်ရွက်နိုင်သောနည်းလမ်းများကို ဖော်ထုတ်၍ ဦးစားပေးအစီအစဉ်အလိုက် စီမံချက်အား ရေးဆွဲထားပါသည်။

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

မြင်းခြံမြို့နယ် ကန်နီကျေးရွာအဆင့်မှ စီမံချက်ရေးဆွဲထားရှိမှုအတွက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း၍ မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်ထိ တင်ပြသွားမည်ဖြစ်ပါသည်။

ကျေးရွာလူထုလိုလားချက်များနှင့်သက်ဆိုင်သည့် အခြားအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထုမှ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိနားလည်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

လူထုဦးဆောင်ပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်ဖြစ်၍ လူတိုင်းပါဝင်ခွင့်ရရှိပြီး လူထု

ကိုယ်တိုင် လုပ်ငန်းများစုစည်းခြင်း၊ ဦးစားပေးရွေးချယ်ခြင်းအားဖြင့် ကျေးရွာလူထု၏ စွမ်းဆောင်ရည်မြင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာလိုအပ်ချက်များ အား အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက် ပါမည်။ ကျေးရွာ၏စွမ်းရည်နှင့် လိုအပ်သည့် အရင်းအနှီးများ ရရှိမှုအပေါ်မူတည်၍ နောင်တွင် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်

မြင်းခြံမြို့နယ် ကန်နီကျေးရွာသည် မြင်းခြံမြို့နှင့် မိုင်(၂၀)ဝေးပြီး ဆက်သွယ်သွားလာ ရေးလွယ်ကူပါသည်။ မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း အနည်းငယ်လုပ်ကိုင်ပါ သည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်(၆၀ မှ ၈၀) ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးအတွက် အထောက် အကူဖြစ်စေပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် တောတောင်မြစ်ချောင်းများမရှိဘဲ မြေပြန့် အနေအထားဖြစ်ပါသည်။ ယာမြေများဖြစ်၍ ပဲ၊ပြောင်း၊ကြက်သွန် စိုက်ပျိုးရေးထုတ်လုပ်ရန် အဓိကအကျိုးပြုသည်။

(ခ) သဘာဝအရင်းအမြစ်

ယာမြေများရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီကောင်းမွန်ပါသည်။ သဘာဝသယံ ဇာတများ မထွက်ရှိပါ။ တောင်သူအများစုမှာ စိုက်ပျိုးရေတွင်းများတူးဖော်၍လည်းကောင်း၊ မြေသားမိုးရေ လှောင်ကန်မှလည်းကောင်း စိုက်ပျိုးရေများရရှိပါသည်။ ထွန်ယက်စိုက်ပျိုး နိုင်သည့် ဧက( )ရှိပြီး ပဲစင်းငုံ၊ပဲနီနှင့် ကြက်သွန်ကို အဓိကစိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း( )စုနှင့် ကျား( )၊ မ( )ဖြင့် လူဦးရေပေါင်း ( )ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ ( )ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းပါသည်။ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ် သည် ကျေးရွာရှိ လူဦးရေ၏ ( )% ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ( )% မျှ ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား မှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၀%)သည် အလယ်အလတ်နှင့်ဆင်းရဲအဆင့်ခံယူထားကြပြီး (၂၅%)မှာ ချမ်းသာအဆင့်နှင့် (၅%)မှာ အလွန်ဆင်းရဲဟု သတ်မှတ်ပါသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေးလုံလောက်မှုကြောင့် စီးပွားရေး အသင့်အတင့်ကောင်းမွန်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးကောင်းမွန်သည့် အိမ်ထောင်စု များပြီး ပန်းရံ၊ လက်သမား စသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများလည်း အဆင်ပြေပါသည်။ကျေးရွာတွင် အလွန်ဆင်းရဲအဆင့်မှာ နည်းပါးပြီး မြေယာမဲ့ အိမ်ထောင်စုများ မရှိသလောက် ဖြစ်ပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများကို စိတ်ပါဝင်စားမှု အားနည်းပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ကို လေ့လာဆန်းစစ်မှုအရ သူတစ်ပါးထံ ချေးငှားပြီးမှ ထမင်းနပ်မှန်အောင် စားသုံးနိုင်သည့် အိမ်ထောင်စု မရှိကြောင်း၊ စီးပွားရေးနှင့် ကျန်းမာရေးအတွက်သာ ချေးငွေရယူလိုခြင်းဖြစ်ကြောင့်နှင့် အများဆုံးအကြွေးတင်ရှိမှုမှာ ၁၀၀၀၀၀/ မှ ၅၀၀၀၀၀/ ဝန်းကျင်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ( )နှင့် တစ်ခုလပ် မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု ( )တို့မှာ ဆင်းရဲသဖြင့် ထိခိုက်လွယ်သည့် အိမ်ထောင်စုများဖြစ်ပါသည်။ အခြားထိခိုက်လွယ်သည့် သူများမှ လူငယ်များဖြစ်ပြီး ဈေးနှုန်းသက်သာသည့် ဆိုင်ကယ်၊ ကားများ၊ ပေါများလာခြင်း၊ အရက်၊ ဘီယာစသည့်များနေရာတိုင်းတွင် ရရှိနိုင် ခြင်းကြောင့် မူးရစ် သောက်စားပြီး ယာဉ်မတော်တဆမှုများ ဖြစ်နိုင်ခြေများပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသူ/ရွာသားအများစု ကျန်းမာရေးကောင်းမွန်ကြပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာတွင်ရရှိပြီး ဆီမီးခုံတိုက်နယ် ဆေးရုံနှင့်လည်း (၄)မိုင်ခန့်သာကွာဝေး ခြင်း၊ ခရိုင်ပြည်သူ့ဆေးရုံတွင်လည်း (၂၀)မိုင်သာ ဝေးခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သည်။ကျေးရွာတွင် ကိုယ်ပိုင်စက်ရေတွင်း အနည်းငယ်ရှိပြီး ပုဂ္ဂလိက အိမ်တိုင်ရာရောက် ရေသွယ်စနစ်ရှိသဖြင့် သောက်သုံးရေနှင့် ကျန်းမာသန့်ရှင်းရေးအတွက် ရေလုံလောက်စွာ ရရှိပြီး ကူးစက်ရောဂါဖြစ်ပွားကြောင်း တွေ့ရပါသည်။

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် မူလတန်းအဆင့်များပြီး မူလတန်း အောင်မြင်ပြီးပါက ကျောင်းဆက်တက်ရောက်လိုခြင်း မရှိကြသဖြင့် ဘွဲ့ရအရေအတွက် နည်းပါးသည်။မူလွန်အဆင့်နှင့်အထက် ကျောင်းများကို အခြားကျေးရွာများသို့ တက်ရောက်သင်ကြားရသဖြင့် ပညာသင် ကြားရန် စိတ်ပါဝင်စားမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမဆိုင်ရာဆက်နွယ်မှုမှာ ကျေးရွာ၏အစဉ်အလာအရ အမျိုးသမီးများအား အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများတွင် ထည့်သွင်းအသုံးပြုခြင်းမရှိသဖြင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှာ နည်းပါးသည့် ကျေးရွာတွင် လုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။လုပ်အားစိုက်ထုတ်ရမှု တူညီသော်လည်း လုပ်အားခမှာ မညီမျှကြောင်း တွေ့ရှိရပါသည်။ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမရှိပါ။ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၄)ဖွဲ့နှင့် ဘာသာရေးဆိုင်ရာ (၁)ဖွဲ့ရှိပါသည်။ နာရေးကိစ္စများ အပါအဝင် လူမှုရေးကိစ္စများဆောင်ရွက်မှု အားကောင်းပြီး စည်းလုံးညီညွတ် ကြောင်း တွေ့ရှိရပါသည်။Pack မြန်မာမှ ဆောင်ရွက်လျှက်ရှိသည့် ငွေစုငွေချေးလုပ်ငန်းကိုလည်း လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြ ပြီး စာရင်းဇယားရေးသွင်းမှု အားနည်းပါသည်။အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မား လာစေရန် ခေါင်းဆောင်မှု သင်တန်းများ၊ ဘာသာရေးသင်တန်းများ ပို့ချပေးနိုင်ပါက စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ပဲစဉ်းငုံ၊ မြေပဲ၊ နှမ်း၊ ဝါနှင့် ကြက်သွန်ကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေး ကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး စိုက်ပျိုးနိုင်ရန် စက်ရေတွင်းမှ လည်းကောင်း၊ မြေသားမိုးရေကန်မှ လည်းကောင်း လုံလောက်စွာရရှိပါသည်။

အများစုမှာ တောင်သူလုပ်ငန်းလုပ်ကိုင်ကြသဖြင့် အလုပ်သမား မလုံလောက်မှု ကြောင့် လုပ်အားခ ပိုမိုပေးရသည့် ပြဿနာများ ရင်ဆိုင်ရသည်။အလုပ်သမားရှားပါးမှုနှင့် လုပ်အားခ ကုန်ကျစရိတ်သက်သာလာစေရန် ခေတ်မှီ စက်ကိရိယာများ ဌားရမ်းအသုံးပြု ရပါသည်။သီးနှံဖျက်ပိုးကျရောက်မှုကို တခါတရံ တွေ့ရပြီး ခေတ်မှီ ပိုးသတ်ဆေးဝါးများ အလွယ်တကူရရှိသဖြင့် အခက်အခဲမရှိသော်လည်း သဘာဝပိုးသတ်ဆေးပြုလုပ်နည်းများ ရရှိပါက ကျေးရွာအတွက် အဆင်ပြေမည်ဖြစ်ပါသည်။

ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးအဖြစ် နွားမွေးမြူသည့် အိမ်ထောင်စု(၂)ခုနှင့် ဆိတ်မွေးမြူသူ အိမ်ထောင်စု (၄)ခု သာရှိပြီး အိမ်ထောင်စု အားလုံးနီးပါးမှာ တစ်ပိုင်တစ်နိုင် နွားနှင့် ဝက်ကို မွေးမြူကြပါသည်။စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်လာနိုင်စေရန် နည်းပညာ နှင့် ချေးငွေဝန်ဆောင်မှုပေးနိုင်ပါက မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။ ကျေးရွာ တွင် ငါးမွေးမြူရေး လုပ်ကိုင်ရန် ရေကန်/ဆည် မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ယခင်ချည်ထည်ယက်လုပ်ခြင်းလုပ်ငန်းကို အိမ်ထောင်စုတိုင်း လုပ်ကိုင်ကြပြီး စီးပွားရေးအတွက် အထောက်အကူဖြစ်ခဲ့ပါသည်။ယခုအခါ ချည်ဈေးနှုန်းဖြင့် သက်သာခြင်းနှင့်အတူ အလုပ်သမားရှားပါးခြင်း ထွက်ရှိသည့် ချည်ထည်များမှာလည်း ခေတ်နှင့်လျော်ညီမှုမရှိသဖြင့် လုပ်ကိုင်နိုင်ခြင်းမရှိတော့ပါ။အခြားဝင်ငွေရ လုပ်ငန်းအဖြစ် ပန်းရံ၊ လက်သမားနှင့် လက်လုပ်လက်စားများ ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူ ဦးရေများရှိပြီး အသက်မွေးဝမ်းကျောင်း သင်တန်းများအတွက် လျှပ်စစ်၊ သံချည်သံကွေး၊ ပန်းရံ၊ လက်သမားစသည့် သင်တန်းများ တက်ရောက်နိုင်ရန် ကျေးရွာနှင့် (၇)မိုင်ခန့် အကွာတွင် စက်မှုသင်တန်းကျောင်းရှိသော်လည်း အဆိုပါသင်တန်းများ တက်ရောက်ရန် စိတ်ပါဝင်စားမှု မရှိဘဲ လတ်တလောစားဝတ်နေရေး ပြေလည်စေမည့် လက်လုပ်လက်စား ဘဝကို ခံယူထားကြသည်။အသက်မွေးဝမ်းကျောင်း သင်တန်းများ ကျေးရွာတွင် ဖွင့်လှစ်ပေး လျှင် သင်ကြား တက်မြောက်နိုင်မည် ဖြစ်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာစိုက်ခင်းများ ပိုးကျသည့်အခါ အလွယ်တကူဝယ်ယူရရှိနိုင်သည့် ဓါတုပိုးသတ် ဆေး နှင့် ဓါတုမြေဩဇာ သုံးစွဲမှုများသဖြင့် ရေရှည်တွင် မြေဆီလွှာ အရည်အသွေး ကျဆင်း နိုင်ပါသည်။ထွန့် ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပိုးသတ်ဆေးဗူးခွံ၊ ပလပ်စတစ်အိတ်များကို စနစ်တကျ စွန့်ပစ်ခြင်း မရှိ သဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။ ကန်နီကျေးရွာသည် မြင်းခြံမြို့၏ အရှေ့မြောက်ဘက်ခြမ်းတွင် တည်ရှိပြီး မြေမြင့်သော အပိုင်းဖြစ်၍ ရေကြီးရေလွှမ်းမိုးခြင်းမရှိပါ။ တခါတရံ အားပျော့သော

မုန်တိုင်းကျရောက်တက်ပြီး မိုးခေါင်ရပ်ဝန်းဖြစ်သဖြင့် မိုးခေါင်ခြင်းက သဘာဝအန္တရာယ် တစ်ခုအဖြစ် ရှိနေပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသည့် ချေးငွေကို တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် ချေးယူနိုင်သော်လည်း ချေးငွေပမာဏ ကန့်သတ်ထားခြင်း၊ ချေးငွေကာလတိုတောင်းခြင်း၊ လိုအပ်ချိန်တွင် မရရှိသည့် အခက်အခဲများ ရှိပါသည်။Pack Myanmar ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့မှ တစ်နှစ် အထိငွေချေးယူနိုင်သော်လည်း လိုအပ်သလောက်မရရှိနိုင် သဖြင့် အမှန်တကယ်လိုအပ်ချိန်တွင် အတိုးနှုန်းများသည့် စီးပွားရေးလုပ်ငန်းရှင်များထံမှ ချေးယူရပါသည်။ ကျေးရွာမှ ချေးငွေကို စိုက်ပျိုးရေးအတွက် အဓိက ချေးယူလိုကြပြီး (ကျန်းမာရေးနှင့် ပညာရေး)အတွက် ချေးငွေရယူလိုခြင်းမရှိပါ။ စိုက်ပျိုးရေးအတွက် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ အတိုးနှုန်း သက်သာပြီး နှစ်စဉ် ချေးငွေရရှိရန် လိုအပ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာမူလတန်းကျောင်းကို (၃၀'×၂၀'×၁၂')ရှိ ကျောင်းဆောင်(၃)ခုရရှိပြီး သွပ်မိုး၊ နံကပ် ဖြစ်ပါသည်။ရွာသူရွာသားများမှ မူလတန်းအဆင့်ပညာကို ကျောင်းနေရွယ်အားလုံး ပညာသင်ကြားသော်လည်း မူလွန်အဆင့်ကို အခြားကျေးရွာသို့သွားရောက်၍ ပညာသင်ကြားရသဖြင့် မူလတန်းအဆင့်ပြီးလျှင် ကျောင်းထွက်နှုန်းများပါသည်။ ကျေးရွာမှ ကျောင်းစာသင်ခုံနှင့် ပရိဘောဂ များတိုးချဲ့ပြီး ကျောင်းအဆင့်မြှင့်တင်ရန် လိုလားကြသည်။

ကျေးရွာမူလတန်းကျောင်းတွင် ကျောင်းအုပ်(၁)ဦးနှင့် ဆရာ/ဆရာမ (၅)ဦးရှိပြီး ကျောင်းသား ( )ရှိသဖြင့် ဆရာ၊ ဆရာမ အင်အားလုံလောက်မှု ရှိပါသည်။မူလတန်းအဆင့် ပညာရေးအတွက် ပြဋ္ဌာန်းစာအုပ်နှင့် ကျောင်းသုံးဗလာ စာအုပ်များမှာ အခမဲ့ဖြစ်ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ကျေးရွာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သားဖွားဆရာမရှိသော်လည်း ကျန်းမာရေးမှူး တစ်ဦးထားရှိလျှင် ကျေးရွာ လူထုအတွက် အဆင်ပြေမည်ဖြစ်ပါသည်။

သောက်ရေအတွက် မိုးရေလှောင်ကန်များ ထားရှိအသုံးပြုကြပြီး စက်ရေတွင်းမှလည်း ရေရရှိ သဖြင့် လုံလောက်မှုရှိပါသည်။ UNDPမှ ရေလောင်းအိမ်သာ (၅၀)လုံး ဆောက်လုပ်ပေးထားပြီး ကျန်အိမ်ထောင်စုများမှ လည်း ရေလောင်းအိမ်သာ သုံးစွဲပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲလာစေရန် ပညာပေးအစီအစဉ်များ ဆောင်ရွက်သင့်ပါ သည်။

စာသင်ကျောင်းတွင် ယင်လုံ အိမ်သာ စနစ်တကျ ဆောက်လုပ်ထားပြီး လုံလောက်မှုရှိပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာ၏ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာဓလေ့အတိုင်း ကပြတင်ဆက်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် သီးသန့် အဖွဲ့အား သီးခြားဖွဲ့စည်းထားခြင်းမရှိသဖြင့် ဤစီမံချက်အရ အဖွဲ့အစည်းဆောင်ရွက်ထား ရှိပါသည်။

(ဇ) အခြေခံအဆောက်အဦး ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်း လမ်းများမှာ မြေသားလမ်းဖြစ်၍ ကျဉ်းမြောင်းသဖြင့် နွားလှည်း၊ ထော်လာဂျီ စသည်တို့သာ မောင်းနှင်နိုင်ပါသည်။ နဘူးအိုင်-ဆီးမီးခုံ လမ်းမကြီးနှင့် ကျေးရွာသို့ ဆက်သွယ်သည့် လမ်းမှာ ပေ(၂၀၀၀)ခန့်ရှိ၍ မိုးရာသီတွင် သွားလာရန်ခက်ခဲသဖြင့် ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်လမ်း ကျေးရွာလူထုမှ ဆောင်ရွက်လိုကြသည်။

ကျေးရွာမှာ မဟဓါတ်အားလိုင်းနှင့် (၄)မိုင်ခန့်သာ ကွာဝေးသော်လည်း လျှပ်စစ်မီးသွယ်တန်းအသုံးပြုနိုင်ခြင်း မရှိသေးပါ။ ကျေးရွာပြည်သူများမှာ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှု အသင့်အတင့် ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း လူငယ်များ ဗဟုသုတ တိုးပွားစေမည့် စာပေများ မရှိဘဲ ဘာသာရေးနှင့် ပတ်သတ်သည့် စာပေအနည်းငယ်သာ ရှိသဖြင့် ခေတ်နှင့်လျော်ညီသည့် စာအုပ်စာပေများ ထားရှိရန် လိုအပ်ပါသည်။ သတင်းစာ၊ ဂျာနယ်တို့ကို (၄)မိုင်ခန့် ဝေးသော နဘူးအိုင်ကျေးရွာတွင် ဝယ်ယူဖတ်ရှုနိုင်ပြီး သတင်းနှင့်ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ မိုဘိုင်းတယ်လီ ဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက်လိုအပ် သလို ဆက်သွယ် သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် ရေးဆွဲ ထားခြင်း မရှိပါ။ ကျေးရွာနှင့် (၄)မိုင် ခန့် အကွာ ဆီးမီးခုံကျေးရွာတွင် ရဲစခန်းရှိပြီး အလွယ် တကူ ဆက်သွယ်နိုင်ပါသည်။

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

လျှပ်စစ်မီးကို (၄)မိုင်ခန့် အကွာမှ ချိတ်ဆက်အသုံးပြုနိုင်သဖြင့် လျှပ်စီးမီးရရှိပါက ကျောင်းသူ/ကျောင်းသားများ အတွက်အထောက်အပံ့ဖြစ်ခြင်း၊ လျှပ်စစ်မီးဖိုနှင့် ချက်ပြုတ်နိုင်ခြင်း၊ ရုပ်သံလိုင်းများ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာပါမည်။

ကျေးရွာလူဦးရေ အားလုံး၏ (၈၀%) မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ပါသည်။ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသား အရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။ ကျေးရွာလူထုမှာ အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်း မှီစွာ အသုံးပြုနိုင်သည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း မြင်းခြံခရိုင်ဆေးရုံသို့လည်းကောင်း၊ မန္တလေးမြို့သို့ လည်းကောင်း သွားရောက်နိုင်သည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် ပြေပြန့်ဖြစ်ပြီး မြေဆီမြေဩဇာ အတန်အသင့်ကောင်းမွန်သည်။ တောင်သူများသည် မြို့သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်သည်။ မိုးရွာသွန်းမှုမှာ ပဲနှင့်နှမ်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည်။ ကျေးရွာသည် မြင်းခြံမြို့ နှင့် မန္တလေးမြို့များသို့ ကတ္တရာလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

မွေးမြူရေးထွက်ကုန်များရောင်းချနိုင်ရန် မြင်းခြံမြို့နှင့် မန္တလေးမြို့များတွင် စျေးကွက်ကောင်းသော်လည်း သိုးဆိတ်နှင့်နွားမွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်သူ အနည်းငယ်သာရှိသည်။ အသားစားကြက်နှင့် ဥစားကြက် စျေးကွက်ကောင်းသဖြင့် တိုးချဲ့မွေးမြူနိုင်ရန် လိုအပ်သော နည်းပညာပံ့ပိုးမှု တိုးမြှင့်ပေးရန်လိုအပ်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး အခြားသယံဇာတများ မထွက်ရှိဘဲ လမ်းခင်းကျောက် အနည်းငယ်ထွက်သည်။ လယ်ယာမြေများထပ်မံတိုးချဲ့ရန် မြေနေရာ မကျန်ရှိသဖြင့် သီးနှံအထွက်တိုးအောင် စိုက်ပျိုးနိုင်ရန် လိုအပ်သည်။ တစ်ခါတစ်ရံကျရောက်တတ်သည့် သီးနှံဖျက်ပိုးများ နှိမ်နှင်းနိုင်သည့် သဘာဝပိုးသတ်ဆေးပြုလုပ်နည်းနှင့် သီးနှံဖျက်ပိုး ကာကွယ်နည်းသင်တန်းများ ပို့ချပေးလျှင် သီးနှံဖျက်ပိုးများ ကာကွယ် နိုင်ခြင်း၊ ဖျက်ပိုးကျရောက်ပါက ထိရောက်စွာ နှိမ်နှင်းခြင်းများ ဆောင်ရွက်နိုင်

မည်ဖြစ်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ဆောင်ရွက်နိုင်သည့် နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် လိုအပ်သည့်အချိန်တွင် ရရှိနိုင် မည့် အတိုးနည်းပါးပြီး နှစ်ရှည်ချေးငွေ ရရှိနိုင်ရန် ဝန်ဆောင်မှုလိုအပ်ပါသည်။

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိသဖြင့် ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတတ်ပညာနှင့် အတွေ့အကြုံတို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျေးရွာလူထု၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံ၍ အလုပ်အကိုင် များဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိမှုမှတဆင့် စီးပွားရေး တိုးတက်အောင် ဆောင်ရွက်နိုင်မည်။

(၂) ကျေးရွာလူထု၏ လိုလားမှုဖြစ်သော ကျောင်းအဆင့်တိုးမြှင့်နိုင်ပြီး စာတတ် မြောက်မှု ပိုမိုအားကောင်းလာကာ အသိပညာနှင့်အတတ်ပညာ ကျွမ်းကျင် သော ကျေးရွာလူထု စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရမည်။

(၃) ကျေးရွာလူထုသည် စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးအခြေပြု အဖွဲ့အစည်း များ စွမ်းဆောင်ရည် မြင့်မားလာစေပြီး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု စွမ်းရည်များ တိုးတက် လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

အထက်ဖော်ပြပါဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင် အထည်ဖော်မှု များကို ဆောင်ရွက်သွားကြမည်-

(၁) ရင်းနှီးငွေနှင့် စိုက်ပျိုးရေးနည်းစနစ်များ ရရှိအောင်ဆောင်ရွက်ပြီး စိုက်ပျိုးရေး လုပ်ငန်းတိုးတက်ကောင်းမွန်လာအောင် တိုးချဲ့ဆောင်ရွက်မည်။ ရင်းနှီးငွေပိုမို ရရှိပါက မွေးမြူရေး နှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရန် ခွဲဝေဆောင်ရွက်သွားပါမည်။

စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သင်တန်းများတက်ရောက်ခွင့်ရရှိရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ် ဆောင်ရွက်မည်။

(၂) ကျေးရွာလူငယ်များအား စက်ပြင်၊သံဂေဟ၊ဆိုင်ကယ်ပြုပြင်သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်။ အမျိုးသမီးများအတွက် စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းများ တက်ရောက်နိုင်ရေး စီစဉ် ဆောင်ရွက်ပေးမည်။ သင်တန်းဆင်းပြီး ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင် နိုင်စေရန် အရင်းအနှီးရရှိစေရန် ဆောင်ရွက်ပေးမည်။

(၃) ကျေးရွာရှိလူငယ်များ ပညာရည်မြင့်မားစွာ တတ်မြောက်လာစေရန် ကျောင်း အဆင့် မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။ ကျောင်းအဆင့်မြှင့် တင်နိုင်ခြင်းနှင့်အတူ ကျေးရွာလျှပ်စစ်မီးလင်းရေးကိုလည်း မဖြစ်မနေ ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည်။ ကျေးရွာ အကျိုး ပြုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာအောင် စီမံ ခန့်ခွဲမှုသင်တန်း များ၊ငွေစာရင်းထိန်းသိမ်းမှုသင်တန်းများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ကန်နီကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကိုမြင်းခြံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန၏ အကူအညီဖြင့် ပြုစုဖော်ပြထားပါသည်။ ကျေးလက်ဦးစီးမှတဆင့် ဒေသဆိုင်ရာ အဆင့်များ နှင့်နိုင်ငံတော်အဆင့်အထိ ပံ့ပိုးနိုင်သည့် ဌာန/အဖွဲ့အစည်းများနှင့် ချတ်ဆက် ဆောင်ရွက်ပေးနိုင် ပါသည်။

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေး အဆင့်	
ကျေးရွာအဆောက်အအုံ				
	၁။ ကွန်ကရစ်လမ်းခင်းခြင်း	၄၇	၁	
ပညာရေး				
	၂။မူလွန်ကျောင်းလျှောက်ထားခြင်း	၄၄	၂	
မီးလင်းရေး				
	၃။လျှပ်စစ်မီးသွယ်တန်းခြင်း	၃၉	၃	
စိုက်ပျိုးရေး				
	၄။ပိုးသတ်ဆေးအသုံးပြုနည်း	၃၅	၄	
	သင်တန်းပို့ချခြင်း			
ကျန်းမာရေး				
	၅။ကျန်းမာရေးကြီးကြပ်ချထား	၃၃	၅	
	ပေးရန်တင်ပြခြင်း			
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး				
	၆။ကျေးရွာစုပေါင်းအမိုက်ကျင်း	၃၂	၆	
	ဆောင်ရွက်ပေးရန်တင်ပြခြင်း			
ဦးစားပေးစီမံချက်များ				
ဖော်ပြချက်	၇။အတိုးသက်သာသည့် နှစ်ရှည်	၃၀	၇	
	ချေးငွေရရှိအောင် ဆောင်ရွက်ခြင်း			

ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းပြီး				
ကျေးလက်ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	၈။ဗဟုသုတဖြစ်စေမည့် စာပေများ	၂၂	၈	စာဖတ်ချင်စိတ်ရှိလာအောင် လှုံ့
ပညာရေးဌာနနှင့်ချိတ်ဆက်၍ ကျောင်းအဆင့်မြှင့်တင်ခြင်း	ဖြည့်ဆည်းပေးခြင်း			
ကျေးရွာဆပ်ကော်မတီအဖွဲ့၏ လျှပ်စစ်ဌာန၊ကျေးလက်ဦးစီးဌာန				

တို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်
စိုက်ပျိုးရေးဌာ/ဆေးကုမွဇီများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း				
	၉။အသက်မွေးဝမ်းကျောင်း	၁၉	၉	
	အထောကအကူပြုသင်တန်းများ			
ကျန်းမာရေးဌာနသို့တင်ပြခြင်း	ပေးခြင်း			
	၁၀။တိရစ္ဆာန်မျိုးကောင်းမျိုးသန့်	၁၈	၁၀	မွေးမြူရေးဌာနနှင့် ချိတ်ဆက်
အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်နေရာ သတ်မှတ်ခြင်း	ရရှိရေးဆောင်ရွက်ခြင်း			
	၁၁။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များစနစ်	၁၇	၁၁	ကျေးရွာအဖွဲ့အချင်းချင်းညှိနှိုင်း
ငွေကြေးအဖွဲ့အစည်းများ၊ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	တကျဖွဲ့စည်းခြင်း			တိုးတက်အောင်ဆောင်ရွက်ခြင်

ကန်နီကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၁	၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၆	၂၁	၃၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၂	၄၀	၇၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၃၄	၇၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၈	၅၇၂	၁၀၄၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅၂	၇၄	၁၂၆
စုစုပေါင်း		**၆၁၆**	**၇၄၂**	**၁၃၅၈**
စုစုပေါင်း အိမ်ထောင်စု (၃၃၈)				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေ များပြီး ၊သက်ကြီးရွယ်အိုနှင့် စီးပွားရေး လုပ်ငန်းမလုပ်ကိုင်နိုင်သူဦးရေနည်းပါးပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၂၃	၁၂၀၀		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၆၅		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	လက်လီ- လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၃၈			☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသဖြင့် အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူနည်းပါးသည်။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအနည်းငယ်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀		၆၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ပြီး အမျိုးသားတစ်ဦး၏ ဝင်ငွေ နှင့် အမျိုးသမီးဝင်ငွေမှာ တစ်ရက်လျှင် (၁၀၀၀)ကျပ် ကွာဟပါသည်။ ကျေးရွာရှေးရိုးစွဲအစဉ်အလာအရ အမျိုးသား တစ်ဦး၏ဝင်ငွေနှင့် အမျိုးသမီးတစ်ဦးဝင်ငွေ သတ်မှတ်မှု ကွာခြားကြောင်း တွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၃၃	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☑	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၃၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာ

မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ် ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစိုက်ပျိုးမြေ (၁၃၃)ဧက ပိုင်ဆိုင်ပြီး ကြက်သွန်၊ ပဲစဉ်းငုံ၊ မြေပဲ ၊ နှမ်းနှင့် ဝါ သီးနှံများ စိုက်ပျိုးများပြီး ယာမြေနှင့်စားကျက်မြေများ ကောင်းမွန်ပြီး အခြားမြေများ မရှိကြောင်း တွေ့ရှိ ရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)		☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ မရှိဘဲ လမ်းခင်းကျောက် များ အနည်းငယ်ထုတ်လုပ်နိုင်ပြီး သဘာဝဆေးဘက်ဝင် အပင်များအနည်းငယ်ရှိပြီး သဘာဝ တိရစ္ဆာန် များ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များÂ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိÂ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် Â ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်းÂ	မရှိ
အဓိကစီးပွားရေး	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
လုပ်ငန်း	အလွန်ကောင်း	အသင့်အတင့်Â	နည်း	အလွန်နည်း
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမြေယာပိုင်ဆိုင်မှုများပြီး အိမ်အဆောက်အဦး အခြေအနေ အသင့်အတင့်၊ ကုန်ထုတ် လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းများ ပိုင်ဆိုင်မျှနည်းပြီး အဓိက စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေအသင့်အတင့်ရှိပြီး ဥစ္စာဓန စီးပွားရေး ကောင်းမွန်ပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစစ်တမ်းကောက်ယူမှုအရ ချေးငှားခြင်းမရှိဘဲ ထမင်းနပ်မှန်စွာ မစားသောက်နိုင် သည့် အိမ်ထောင်စုမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၂	၂	၄
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှုမရှိသော ၆၄နှစ်အထက်သက်ကြီးရွယ်အို ဦးရေနည်းပါးပြီး ကျေးရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိဘဲ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု နှင့် ဆင်းရဲပြီး မုဆိုးဖိုဦးဆောင်သည့် ဦးရေနည်းပါးပြီး အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်သည့် ဆင်းရဲ သည့် အိမ်ထောင်စု များမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၃	ရေကြီးခြင်း	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၄	မိုးခေါင်ခြင်း	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၆	မုန်တိုင်း	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၇	ငလျင်	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၈	မီးဘေး	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ ☐	လတ် ☐	နိမ့်☑	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၁၃	တီဘီရောဂါ	မြင့် ☐ ☐	လတ် ☐	နိမ့်☑	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
		☑			
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ ☐	လတ် ☐	နိမ့်☑	မရှိ
၁၇	လူကုန်ကူးခြင်း	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ ☑	လတ် ☐	နိမ့်☐	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာထိခိုက်သက်ရောက်လွယ်မှုနည်းပြီး မိုးခေါင်ခြင်း ဖြစ်ပေါ်ပါက ကျေးရွာ၏ ဆင်းရဲသည့် အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသည့် အိမ်ထောင်စု အနည်းငယ် ထိခိုက်သက်ရောက်မှုရှိကြောင်း တွေ့ရှိ ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
၁	လူငယ်	မြင့် ☑	လတ် ☐ မရှိ☐	နိမ့်☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐ မရှိ☐	နိမ့်☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐ မရှိ☐	နိမ့်☑
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐ မရှိ☐	နိမ့်☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑	လတ် ☐ မရှိ☐	နိမ့်☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☑ မရှိ☐	နိမ့်☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐ မရှိ☐	နိမ့်☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐ မရှိ☑	နိမ့်☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐ မရှိ☐	နိမ့်☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		မရှိ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူငယ်များ တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆိုင်ကယ်၊ ကားများ ပေါများလာပြီး အရက်သေစာသောက်စား မူးရစ်မောင်းနှင့်သဖြင့် ထိခိုက်သက်ရောက်နိုင်ပြီး အမျိုးသမီးဦးဆောင်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသည်။လက်လုပ်လက်စား ကျပန်းလုပ်သားများ လုပ်ငန်းတွင် အန္တရာယ်များ ကျရောက်ထိခိုက်သက်ရောက်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	၁☐ ၂☐ ၃☐	၈	-	၈	ပညာရေး ☑ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	မာမက (လူမှုရေး)	၁☐ ၂☐ ၃☐	၃	-	၃	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	နရသုခ (နာရေးကူညီ)	၁☐ ၂☐ ၃☐	၂၀	၂၅	၄၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး☑၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ကာလသားအဖွဲ့	၁☐ ၂☐ ၃☐	၅	-	၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☑ သင့် ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၅	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး☑/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူထုအခြေပြုအဖွဲ့ (၅)ဖွဲ့ရှိပြီး ကျေးရွာသာရေး/နာရေးကိစ္စများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်သော်လည်းအဖွဲ့များတွင် အမျိုးသမီးများပါဝင်မှု နည်းပါးသဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမို ပါဝင်လာရန် လိုအပ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	UNDP	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ UNDP အဖွဲ့မှ ကျေးရွာ ကျန်းမာသန့်ရှင်းရေးအတွက် ယင်လုံအိမ်သာ (၅၀)လုံး တူးဖော် ဆောင်ရွက်ပေးထားပါသည်။Pact Myanmar အဖွဲ့မှငွေစုငွေချေးစနစ်ဆောင်ရွက်လျက်ရှိပြီး အတိုးနှုန်းမှာ တစ်လလျှင် ငွေကျပ် (၁၀၀)အတွက် အတိုးနှုန်းမှာ ၁ကျပ် ၅၀ပြား ဖြစ်ပါသည်။ငွေစုငွေချေးများ ပိုမိုရရှိရန် လိုအပ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၉၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၃၈**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏မြေယာပိုင်ဆိုင်မှုအခြေအနေမှာ အလယ်အလတ်အဆင့်နှင့် ဆင်းရဲသားတောင်သူ အဆင့် အိမ်ထောင်စုများပြီး ချောင်လည်နှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ နည်းပါးပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစိုက်ပျိုးရေးရရှိရေးအတွက် အဝီစိတွင်းများတူးဖော်အသုံးပြုလျှက်ရှိပြီး မြေသား ရေကန်မှလည်း စိုက်ပျိုးရေအတွက် အထောက်အပံ့ဖြစ်စေပြီး စိုက်ပျိုးရေလုံလောက်မှုရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပဲစင်းငုံ		တင်း	၁၀	၁၅	၁၂			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
မတ်ပဲ		တင်း	၇	၁၀	၈			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
မြေပဲ		တင်း	၂၅	၃၀	၂၇			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
ကြက်သွန်		ပိဿာ	၇၀၀	၉၀၀	၈၀၀			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပဲစင်းငုံ၊မတ်ပဲ၊မြေပဲနှင့် ကြက်သွန်တို့ဖြစ်ပြီး မြေဆီမြေဩဇာ သင့်တင့်သဖြင့် သီးနှံအထွက်နှုန်းသင့်တင့် ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁၂			
လက်တွန်းထွန်စက်	၁			
အစေ့ချ ကိရိယာ	၇၂			
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရေစုပ်စက်	၁၆			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၀၅၆			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

